## အရှင်ဂန္တီရရဲ့ ခမည်းတော် ဦးမင်းလွင် ပျောက်ဆုံးနေမှုကြောင့် ဇနီးဖြစ်သူ ဒေါ်ရေးက ပူပန်နေ

၃ ဒီဇင်ဘာ ၂၀၀၇

စစ်အစိုးရရဲ့ ဖမ်းဆီးထိန်းသိမ်းမှုကို ခံနေရတဲ့ သံဃာတပ်ပေါင်းစုက အရှင်ဂန္တီရရဲ့ ဖခင်ဖြစ်သူ ပျောက်ဆုံးနေတာနဲ့ ပက်သက်ပြီး ထိုင်းနိုင်ငံအခြေစိုက် ဒေါ်အေးအေးမာက အရှင်ဂန္တီရရဲ့ မိခင်ဖြစ်သူ ဒေါ်ရေးနဲ့ ဆက်သွယ်မေးမြန်းထားပါတယ်။

သံဃာ့တပ်ပေါင်းစုက ဦးဆောင်သံဃာတပါးဖြစ်တဲ့ အရှင်ဂန္တီရရဲ့ ဖခင်ဖြစ်သူဟာ သားနဲ့ အတူရှိနေရာကနေပြီး ပျောက်ဆုံးနေတာကြောင့် မိခင်ဖြစ်သူဒေါ်အေးက သူ့ရဲ့ ခင်ပွန်း သက်ရှိထင်ရှား ရှိနေသေးရဲ့လားဆိုတာကို နိုဝင်ဘာလ ၂၉ရက်နေ့က အာဏာပိုင်တွေထံ စုံစမ်းနေတယ်လို့ ဆိုပါတယ်။ အင်းစိန်ထောင်ထဲကို ထောင်ဝင်စာ ပို့ခွင့်ရခဲ့ပေမယ့်လည်း ခင်ပွန်းဖြစ်သူမရှိတာကြောင့် ထောင်ဝင်စာတွေ ပြန်ရောက်လာတယ်လို့ဆိုပါတယ်။

> "ဦးမင်းလွင်ရဲ့ ပါဆယ်ထုတ်ကြီးက ပြန်ထွက်လာတယ်။ လိမ္မော်သီးတွေ၊ ပန်းသီးတွေကလည်း ပုတ်လို့။ ဒီထဲမှာ မရှိဘူးလို့ဆိုတော့ အန်တီလည်း တော်တော် ခေါင်းမီးတောက်သွားတယ်။ အဲဒါ ၂၃ရက်နေ့က ဖုန်းဆက်ပေမယ့် သက်ဆိုင်ရာများက အန်တီကို ဖုံးနံပါတ်ပေးထားသော်လည်း ဖုန်းမကိုင်ဘူး။ အရာရှိ တယောက်ပြီး တယောက် တွေ့ပြီးမေးပြန်တော့လည်း သူတို့က ပြီးတော့ အကြောင်းပြန်ပါ့မယ်ပြောပေမယ့် အခုချိန်ထိ ပေါ်မလာ ဇာတ်ကားရိုက်နေတယ်။ အဲဒါနဲ့ ၂၉ရက်နေ့က အရာရှိတယောက်ပဲ၊ သူ့ကို အန်တီက တရားဝင် တောင်းဆိုတယ်။ အန်တီသိချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဦးမင်းလွင်က အသက်က ၇၀၊ လေလည်း ဖြတ်ထားတာ။ ပါးတခြမ်းရွဲ့ထားတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က လေးဖြတ်ခံထားရတာ။ ဘယ်မှာရှိတယ်ဆိုတာလေး သိချင်တယ်။ သူ့မှာ အဝတ်အစား ပြည့်ပြည့်စုံစုံလည်း မပါဘူး။ နောက်ကျန်းမာရေးအတွက်ရော အစားအသောက်လေးကို ပို့ချင်လို့ပါ။ အဲဒါ သုံးလေးရက်လောက်စောင့်ပါအုံးတဲ့။ အဲဒါ ၂၉ရက်နေ့က။ အန်တီလည်း တအားစိတ်ပူနေတယ်။ အသက်ထင်ရှားမှ ရှိသေးရဲ့လားပေါ့။ ဟိုလိုလို ဒီလိုလိုနဲ့သာ အန်တီကို အကြောင်းမပြန်ဘူး။ အန်တီစိုးရိမ်တာက အသက်ထင်ရှားမရှိတော့ဘူးအထိ စိုးရိမ်သွားတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်မှာရှိရင်ဖြင့် ရှိတယ်။ အင်းစိန်မှာ ပါတယ်ဖြင့် ပါတယ်။ သို့မဟုတ် မန္တလေးမှာ ထားတယ်။ ကျောက်ဆည်မှာ ထားတယ်။ ဒါမျိုးလေးတော့ ပြောနိုင်ရမှာပေါ့။"

မိခင်ဖြစ်သူဒေါ်အေးဟာ သားဖြစ်သူ အရှင် ဂန္တီရနဲ့ ကိုအောင်ကျော်ကျော်တို့လည်း ဖမ်းခံလိုက်ရပြီး ခင်ပွန်းဖြစ်သူ ပျောက်ဆုံးနေရတာကြောင့် စိတ်ပူပန်နေရပေမယ့်လည်း သားဖြစ်သူအတွက် ဂုဏ်ယူနေတယ်လို့လည်း ပြောဆိုသွားပါတယ်။

> "အန်တီက သိပ်မျက်ရည်လွယ်တာ မဟုတ်ဘူး။ အကြောင်းအရာ ကိစ္စတခုကို မျက်ရည်နဲ့ မဖြေရှင်းတက်ဘူး။ ဘယ်ဟာအကောင်းဆုံး၊ ဘယ်လိုအကောင်းဆုံးဖြစ်မလဲဆိုတာ စဉ်းစားပြီး အကောင်းဆုံးကို ရွေးပြီးတော့မှ အခက်အခဲကို ဖြေရှင်းသွားတာပဲရှိတယ်လေ။ ဒါပေမဲ့ အိပ်ရာထဲ သူတို့ အိပ်တဲ့အချိန် အိပ်ရာထဲ ရောက်ပြီးတော့မှ အန်တီက တိတ်တိတ်ကလေး မျက်ရည်ကျရတယ်။ သူတို့အတွက် စာနာတယ်။ ဩော် ဘယ်လောက် ဒုက္ခ

> သုက္ခတွေ ငါ့သားတွေရော၊ ဘာရော ဘာမှ ကြမ်းကြမ်းတမ်းတမ်း လုပ်တာလည်း မဟုတ်၊ ရာဇဝတ်မှုလည်း မလုပ်။ ဒီ မေတ္တာပို့တယ်၊ ဆုတောင်းတယ်ဆိုတာလေးနဲ့ ဒီလိုကြီးများ ဖြစ်ရသလားပေါ့။ အန်တီက အဲဒါလည်း စဉ်းစားလို့ မရဘူး။ သူတို့အတွက် ဒီထောင်ထဲမှာ ရောက်နေတယ်ဆိုတော့ ငါ့သားတွေ အစားအသောက်မှ ကောင်းကောင်းလေးစားရပ့ါမလား။ ငါ့သားတွေ လွတ်လွတ်လပ်လပ် ဘယ်တော့များမှ နေရမလဲ။ ငါ့သားတွေ ကျန်းမာရေးမှ ကောင်းပ့ါမလား။ မအေတယောက်အနေနဲ့ စိတ်ပူတယ်။ ဒါပေမဲ့ ဩော် ငါ့သားတွေ၊ အန်တီသားကို လူတွေ ကမ္ဘာကတောင်သိပြီ ဆိုတော့ ဩော် ငါ့သား အရှင် ဂမ္ဘီရဆိုတဲ့ သားတယောက်ကို မွေးပေးလိုက်တဲ့ အမေတယောက်အနေနဲ့ ဂုဏ်ယူတယ်တော်။ ”

ဦးဂမ္ဘီရကို နိုဝင်ဘာလ ၂၃ရက်နေ့က ထောင်ဝင်စာပို့ခွင့်ရခဲ့ပြီး လူချင်းတွေ့ရဖို့ အတွက်တော့ ကြိုးစားမယ်လို့လည်း ပြောသွားပါတယ်။ သူတို့ မိသားစုတွေ တွေ့ကြုံနေရတဲ့ ဒုက္ခတွေကိုလည်း စကားပုံလေးတခုနဲ့ နှိုင်းယှဉ်ပြီး ပြောသွားပါတယ်။

> “အန်တီ စကားပုံလေးတခု  သွားစဉ်းစားမိတယ်တော့။ အန်တီတို့ ခုခေတ်ကလေးတွေကတော့ အဲဒီစကားပုံ အသုံးအနှုန်းကို သိချင်မှ သိမှာပါ။ အန်တီတို့ ရွာတွေမှာတော့ တော်တော်သုံးတယ်။ ***ဆင်ကတော့ သေးပေါက်တာပဲတဲ့ ဒါပေမဲ့ ပုရွက်ဆိတ်ကတော့ ပင်လယ်ဝေတယ်တော့***၊ ပင်လယ်ဝေတယ်ဆိုတာကတော့ ဒုက္ခပင်လယ်ဝေတယ်ပေါ့။ အန်တီက အဲလိုတော့ မဟုတ်ဘူး။ နဲနဲလေးပြင်လိုက်ချင်တယ်။ အခုခေတ်ကလေးတွေ နားလည်အောင်လို့ ဆင်ကတော့ သေးပေါက်တာပဲ ပုရွက်ဆိတ်ပါတော့ စုနာမီနဲ့ ကြုံတယ်။ အန်တီတို့ မိသားစုတွေ အဲလို အဖြစ်မျိုးကြုံနေရတယ်”

အခုချိန်မှာတော့ အာဏာပိုင်တွေကို သူရဲ့ ခင်ပွန်းပျောက်ဆုံးသွားတာအတွက် စုံစမ်းပေးဖို့ ပြောဆိုထားခဲ့ပေမယ့်လည်း အခုချိန်အထိ အာဏာပိုင်တွေဖက်က ဘာမှ တုန့်ပြန်မှုမရသေးဘူးလို့လည်း ဒေါ်ရေးကပြောဆိုခဲ့ပါတယ်။